ကျွန်တော်သည် ‘မဇီ’အလွန်ထွက်သူဖြစ်သည်။

ကိုယ်တော်၏သမီးသည် ကျွန်တော်၏ဇနီးဖြစ်နေသည့်အတွက်ကျွန်တော်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အား

လျှောက်ထားမေးမြန်းရန် ရှက်မိသည်။ ထို့ကြောင့်

ကျွန်တော်သည် မိက်ဒါဒ်ဗင်န် အတ်စ်ဝဒ်အား

မေးမြန်းခိုင်းသည်။ ၎င်းကကိုယ်တော်အား

လျှောက်ထားမေးမြန်းခဲ့ရာ ကိုယ်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က

မိန့်ကြားတော်မူသည်မှာ

မိမိ၏အရှက်အင်္ဂါအားဆေးကြောပါ။ ဝုဿွူပြုလုပ်ပါ။

အလီ (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ပြောကြားခဲ့သည်။ ကျွန်တော်သည်
‘မဇီ’အလွန်ထွက်သူဖြစ်သည်။ ကိုယ်တော်၏သမီးသည် ကျွန်တော်၏ဇနီးဖြစ်နေသည့်အတွက်
ကျွန်တော်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အား
လျှောက်ထားမေးမြန်းရန် ရှက်မိသည်။ ထို့ကြောင့် ကျွန်တော်သည် မိက်ဒါဒ်ဗင်န်
အတ်စ်ဝဒ်အား မေးမြန်းခိုင်းသည်။ ၎င်းကကိုယ်တော်အား လျှောက်ထားမေးမြန်းခဲ့ရာ
ကိုယ်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်မှာ
မိမိ၏အရှက်အင်္ဂါအားဆေးကြောပါ။ ဝုဿွူပြုလုပ်ပါ။ ဗုခါရီကျမ်း၏ ဆင့်ပြန်ချက်တွင်
လာရှိသည်မှာ အသင် ဝုဿွူပြုပါ။ သင့်အရှက်အင်္ဂါအား ဆေးကြောပါ။
[صحيح] [متفق عليه]

အလီဗင်န် အဗီသွာလိဗ် (ရဿွိယလ္လာဟုအန်ဟု)က ပြောပြခဲ့သည်မှာ သူသည် ‘မဇီ’အလွန်ထွက်သူဖြစ်သည်။ (‘မဇီ’ဟူသည် ရာဂစိတ်ဖြစ်ပေါ်လာချိန် သို့မဟုတ် လိင်မဆက်ဆံမီလိင်အင်္ဂါမှ ထွက်လာသော စေးကပ်သော အရည်ကြည်တစ်မျိုး ဖြစ်သည်။) သူသည် ‘မဇီ’ထွက်သောအခါမည်သို့ပြုရမည်ကို မသိခဲ့‌ပါ။ သူသည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏သမီးတော် ဖာသွိမဟ် (ရဿွိယလ္လာဟုအန်ဟာ)၏ခင်ပွန်းဖြစ်သောကြောင့် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အားမေးမြန်းရန်လည်း ရှက်မိသည်။ ထို့ကြောင့် ဤကိစ္စကိုတမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အား မေးမြန်းပေးရန် မိက္ကဒါဒ် ဗင်န်အတ်စ်ဝဒ်အား တောင်းဆိုခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ကမိက္ကဒါဒ်အား ဖြေ ကြားသည်မှာ ထိုသူသည် မိမိ၏ အရှက်အင်္ဂါအား ဆေးကြောရမည်။ ပြီးနောက်ဝုဿွူပြုလုပ်ရမည်။


النجاة الخيرية
ALNAJAT CHARITY
لجنة الدعوة الإلكترونية
EDC E-Da'wah Committee